CHINLAND COUNCIL

Email: chinlandcouncil@protonmail.com

သဘောထားထုတ်ပြန်ချက်

(၄/၂၀၂၄)

ရက်စွဲ။ ၂၀၂၄-ခုနှစ်၊ ဇွန်လ (၁၀) ရက်

၁။ ချင်းပြည် (Chinland) ကောင်စီသည် ချင်းအမျိုးသားလွတ်မြောက်ရေး၊ ချင်းပြည်တည်ဆောက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်/ဖက်ဒရယ်ယူနစ်များ စုစည်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရန် ဘုံရန်သူ အကြမ်းဖက် စစ်ကောင်စီကို အမြစ်ပြတ်ချုပ်ငြိမ်းရေး ဖော်ဆောင်ရာတွင် ဘဝတူ တိုင်းရင်းသား တော်လှန်ရေး ညီနောင်အဖွဲ့အစည်းများ၊ အစိုးရများ၊ မဟာမိတ်များ၊ အခြားသော တော်လှန်ရေး အင်အားစုများနှင့် လက်တွဲကာ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂။ United League of Arakan/Arakan Army သည် ချင်းပြည် (Chinland)အတွင်း အပြစ်မဲ့ ချင်းပြည်သူများအပေါ် အတင်းအဓမ္မ တပ်သားများ စုဆောင်း၍ စစ်သင်တန်းများ သင်ယူစေခြင်း၊ အတင်းအကြပ် အုပ်ချုပ်ရေးယန္တယားများ ဖော်ဆောင်ခြင်းများကို ဆောင်ရွက်နေသည့်အပြင် တိုင်းရင်းသားလူမျိုးနွယ်စုအချင်းချင်း အပြန်အလှန် လေးစား အသိအမှတ်ပြုမှုကို လစ်လျူရှု၍ လွတ်လပ်စွာ ပညာသင်ကြားခွင့်၊ ဘာသာရေး လွတ်လပ်ခွင့်များကို တားဆီးပိတ်ပင်ပြီး အခြေခံ လူ့အခွင့်အရေးများကို ချိုးဖောက်နေသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်ရပါသည်။ ဤလုပ်ရပ်များသည် အကြမ်းဖက် စစ်ကောင်စီကို ဘုံရန်သူအဖြစ် စုပေါင်း တိုက်ခိုက်နေသည့် တော်လှန်ရေးကာလအတွင်း တိုင်းရင်းသားလူမျိုးနွယ်စုများ အကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်မှုကို ထိခိုက်ပျက်ပြားစေသည့်အပြင် တမျိုးသားလုံး လွတ်မြောက်ရေးအတွက် ဖော်ဆောင်နေသည့် တော်လှန်ရေး လမ်းစဉ်များကိုလည်း နှောင့်နှေးစေသည်ကို တွေ့ရှိရပါသည်။

၃။ ချင်းပြည် (Chinland) ၏ အချုပ်အခြာ အာဏာသည် ချင်းပြည်(Chinland)အတွင်းရှိ ပြည်သူ လူထုများဖြစ်သည့် အလျောက် ULA/AA အနေဖြင့် ချင်းပြည် (Chinland) အတွင်း စစ်ရေးလှုပ်ရှားမှုများ၊ စစ်ရေးဖော်ဆောင်မှုများကို ရှောင်ရှားပေးရန် နှင့် ချင်းအမျိုးသားပိုင်နက်နယ်မြေအတွင်း မိမိတို့ ပြည်သူလူထုများ၏ သဘောထား ဆန္ဒမပါဘဲ အတင်းအကြပ် အုပ်ချုပ်ရေးဖော်ဆောင်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ လုပ်ဆောင်နေမှုများသည် တိုင်းရင်းသားလူမျိုးနွယ်စုများ အချင်းချင်းကြား မလိုလားအပ်သော လူမျိုးရေး ပဋိပက္ခ၊ စစ်ရေး ပဋိပက္ခများ ဖြစ်ပေါ်လာစေနိုင်သည့်အတွက် အထက်ပါ လုပ်ဆောင်နေမှုများကို ရပ်တန့်ပေးပါရန် အလေးအနက် တိုက်တွန်း အပ်ပါသည်။

ချင်းပြည် (Chinland) ကောင်စီ